# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၉) ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်


**မာတိကာစဉ်**


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)တွင် ဖော်ပြလျက်ရှိသော ဥပဒေအသစ်များအကြောင်း သိကောင်းစရာ။ | ၂-၃ |
| ၂။ | ကုန်းလမ်းဖြင့်တင်သွင်းတင်ပို့သောကုန်ပစ္စည်းများအတွက်MACCSစနစ်ကို အသုံးပြု၍ ကြေညာလွှာတင်သွင်းသော နေရာများတွင် MACCS Fee အား ပြောင်းလဲ သတ်မှတ်ခြင်းဆိုင်ရာ အမိန့်ထုတ်ပြန်ခြင်း။ | ၄ |
| ၃။ | UAE နိုင်ငံ၏ လိင်ကျွန်ပြုခြင်း၊ လိင်ကုန်ကူးခြင်းနှင့် လိမ်လည်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း နှင့် အရေးယူရန် ပျက်ကွက်ခြင်းပြစ်မှုများအကြောင်း။ | ၅-၈ |
| ၄။ | တိုင်တန်ရေငုပ်သင်္ဘောခရီးသည်များ လက်မှတ်ရေးထိုးခဲ့သည့်သေဆုံးခြင်း ဖြစ်ပေါ်နိုင်မှုအပေါ် စွန့်လွှတ်ခြင်းဆိုင်ရာအပိုဒ်သည် သက်ရောက်မှု ရှိ မရှိ နှင့် ၎င်းတို့၏မိသားစုများသည် OceanGate ကို တရားစွဲနိုင်ပါသလား။ | ၉-၁၁ |
| ၅။ | အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားစီရင်ရေးနေ့အကြောင်းသိကောင်းစရာ။ | ၁၂-၁၃ |
| ၆။ | နိုင်ငံပေါင်းစုံစီးပွားရေးလုပ်ငန်းများအတွက် တာဝန်ယူမှုရှိသော စီးပွားရေးဆိုင်ရာဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း(OECD)၏ လမ်းညွှန်ချက်။ | ၁၄-၁၆ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေအသစ်များနှင့် အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေဘာသာပြန်ဌာနခွဲ (Legal Translation Division)က ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေ ၃၅ နှင့်အညီ မြန်မာဘာသာ မှ အင်္ဂလိပ်ဘာသာသို့ တရားဝင်ဘာသာပြန်ဆိုထားသည့် Myanmar Law (၁)ခုနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်နှင့်သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၂၂) ပြင်ဆင်ခြင်း အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၃)သည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၂၂) ကို ပြင်ဆင်ခြင်းဖြစ်ပါသည်။ အဆိုပါပြင်ဆင်သည့် အမိန့်ကြော်ငြာစာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုလိုနီခေတ်အဆောက်အအုံများ (၁၂၄) ခုကို ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်ထားရာမှ "အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ Lat-16.776219 N, Long-96.164319 E၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ၁၉၁၂ခုနှစ်၊ YGN/KTA-013" ဆိုသည့်အဆောက်အအုံကို ပယ်ဖျက်ထားသဖြင့် ရှေးဟောင်းအဆောက်အအုံ (၁၂၃)ခုကို ပြင်ဆင် သတ်မှတ်ခဲ့ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၂၃) ဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်ကို ထုတ်ပြန်ခဲ့ပါသည်။ ဤအမိန့်ဖြင့် ထုတ်ကုန်သွင်းကုန်ကြီးကြပ်မှု(ယာယီအက်ဥပဒေ) ၁၉၄၇ အရ ထုတ်ပြန်သော တင်သွင်းသူနှင့်တင်ပို့သူများ မှတ်ပုံတင်ခြင်းအမိန့် (၄၂/၁၉၅၄) [The Registration (Imports and Exports) Order 1954] နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ (၉.၈.၂၀၁၈) ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သောသတင်းလွှာ (၆/၂၀၁၈) တို့ကို လွှမ်းမိုးပယ်ဖျက်ခဲ့ပါသည်။

ယခုအမိန့်တွင် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လျှောက်ထားခွင့်ရှိသူများနှင့် ပို့ကုန်သွင်းကုန်လုပ်ငန်း မှတ်ပုံတင်လျှောက်ထားခွင့်ရှိသူများအတွက် ၎င်းတို့၏ ရပိုင်ခွင့်များ၊ မှတ်ပုံတင်လျှောက်ထားရာတွင် တင်ပြရမည့်အထောက်အထားများ၊ မှတ်ပုံတင်သက်တမ်းကာလနှင့် မှတ်ပုံတင်ကြေး၊သက်တမ်းတိုးလျှောက်ထားခြင်းနှင့် သက်တမ်းတိုးမှတ်ပုံတင်ကြေး၊ ပြင်ဆင်လျှောက်ထားခြင်းနှင့် ဝန်ဆောင်ခနှုန်းထားများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် စိစစ်ရေးကတ်လျှောက်ထားခြင်းတို့ကို ပြည့်စုံစွာ ဖော်ပြထားပါသည်။

ထို့ပြင် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်/ လုပ်ငန်းမှတ်ပုံတင်လျှောက်ထားနိုင်ရေးနှင့် စပ်လျဉ်း၍ Myanmar Tradenet 2.0 စနစ်တွင် ဝင်ရောက်လျှောက်ထားနိုင်ပြီး ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်/ လုပ်ငန်းမှတ်ပုံတင်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်း၊ ပြင်ဆင်ခြင်းတို့အတွက် သတ်မှတ်ကြေးများနှင့် အွန်လိုင်း(Online) ဝန်ဆောင်ခ(၃၀၀၀)ကျပ်ပေးသွင်းခြင်းကို အွန်လိုင်းငွေကြေးပေးသွင်းမှုစနစ်ဖြင့်သာ ဆောင်ရွက်ရမည်ဟု အပိုဒ် ၂၀နှင့် ၂၁ တို့တွင် ဖော်ပြထားပါသည်။

မှတ်ပုံတင်လျှောက်ထားရာတွင် လိုက်နာရမည့်သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အပိုဒ် ၂၆ ၌ နိုင်ငံတော်အတွင်းတွင်တည်ထောင်ထားသော ကုမ္ပဏီသည် ရုံးခွဲများမည်မျှပင်ဖွင့်လှစ်ထားရှိစေကာမူ ပင်ရင်းကုမ္ပဏီမှအပ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လျှောက်ထားခြင်းမပြုရ နှင့် နိုင်ငံတော်ပြင်ပတွင် တည်ထောင်ထားသော ကုမ္ပဏီဖြစ်ပြီး မြန်မာကုမ္ပဏီများဥပဒေအရ နိုင်ငံတော်အတွင်း မှတ်ပုံတင်ထားသည့်ကုမ္ပဏီဖြစ်ပါက ရုံးခွဲမည်မျှပင် ဖွင့်လှစ်ထားရှိစေကာမူ ရုံးခွဲတစ်ခုထက်ပို၍ မှတ်ပုံတင်လျှောက်ထားခြင်းမပြုရစသည်တို့ဖြင့် ထုတ်ပြန်သတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။

ကုန်သွယ်ရေးဦးစီးဌာနသည် မှတ်ပုံတင်လျှောက်ထားမှုကို ငြင်းပယ်ခြင်း သို့မဟုတ် ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် ပြန်လည်လျှောက်ထားခွင့်ပြုခြင်းတို့ကို ပြုလုပ်နိုင်ကြောင်း အပိုဒ် ၂၈၊ ၂၉၊ ၃၀၊ ၃၂၊ ၃၄ နှင့် ၃၅တို့တွင် တွေ့ရှိရပါသည်။

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

## ကုန်းလမ်းဖြင့် တင်သွင်းတင်ပို့သော ကုန်ပစ္စည်းများအတွက် မြန်မာ့ကုန်ပစ္စည်း အလိုအလျောက်ရှင်းလင်းရေးစနစ် (MACCS) ကို အသုံးပြု၍ ကြေညာလွှာတင်သွင်းသော နေရာများတွင် MACCS Fee အား ပြောင်းလဲသတ်မှတ်ခြင်းဆိုင်ရာ အမိန့် ထုတ်ပြန်ခြင်း

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနသည် သွင်းကုန်/ထုတ်ကုန် ရှင်းလင်းရေးလုပ်ငန်းစဉ်များအား Manual စနစ် မှ Automatic System သို့ပြောင်းလဲ ဆောင်ရွက်နိုင်ခဲ့၍ ကုန်သွယ်မှုလွယ်ကူချောမွေ့စေခြင်းနှင့် ကုန်သွယ်မှုပမာဏ ပိုမိုတိုးတက်စေ ပါသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနသည် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၂၁၁ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် အမိန့်အမှတ် ၄/၂၀၂၃ အား ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ အမိန့်ဖြင့် အကောက်ခွန်ဦးစီးဌာန၏ ၂၁-၆-၂၀၂၃ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော အမိန့်အမှတ် ၂/၂၀၂၃ ကို လွှမ်းမိုး ပယ်ဖျက်ခဲ့ကြောင်း သိရသည်။

ယင်းအမိန့်ထုတ်ပြန်ချက်အရကုန်သွယ်မှုလုပ်ငန်းများလွယ်ကူချောမွေ့စေရေးနှင့် ကုန်သွယ်မှု ကုန်ကျစရိတ်များ လျှော့ချနိုင်ရေးအတွက် အကောက်ခွန်ရှင်းလင်းရေးစနစ် (MACCS စနစ်) အသုံးပြုသည့် နေရာများ၌ ကုန်းလမ်းဖြင့်တင်သွင်းတင်ပို့သော ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ Mode of Transport -3 (ကုန်းလမ်း)ဖြင့် ဖွင့်လှစ်သော ကြေညာလွှာများကို ၁-၇-၂၀၂၃ ရက်နေ့မှ စတင်၍ MACCS စနစ်ဖြင့် တင်သွင်းသော ကြေညာလွှာတစ်စောင်လျှင် မူလကောက်ခံလျက်ရှိသည့် MACCS Fee ပမာဏ ၃၀,၀၀၀ ကျပ်အစား ၂၀,၀၀၀ ကျပ်ဖြင့် ပြောင်းလဲသတ်မှတ်ပြီး လျှော့ချကောက်ခံမည် ဖြစ်ကြောင်း သိရသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်- www.customs.gov.mm

## UAE နိုင်ငံ၏ လိင်ကျွန်ပြုခြင်း၊ လိင်ကုန်ကူးခြင်း၊ လိမ်လည်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း နှင့် အရေးယူရန် ပျက်ကွက်ခြင်း ဖြစ်မှုများအကြောင်း [1]

"လိင်ကျွန်ပြုခြင်း"ဟူသည် လူသားတစ်ဦးအား အခြားသူတစ်ဦးက အကြောင်း တစ်ခုခုဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လိင်ကုန်ကူးခြင်းဖြင့် အလုပ်ခိုင်းစေခြင်း သို့မဟုတ် အခြားနည်းဖြင့် အတင်းအကျပ် ခိုင်းစေခြင်းမျိုး ပါဝင်သည်။ လိင်ကျွန်ပြုခြင်းသည် လူကုန်ကူးမှု၏ အရေးပါသော အစိတ်အပိုင်း တစ်ခုဖြစ်သည်။ လိင်ကျွန်ပြုမှုတွင်အမျိုးသားများပါဝင်သော်လည်း သားကောင်အများစုမှာ အမျိုးသမီး များနှင့် ကလေးငယ်များဖြစ်သည်။ လိင်ကုန်ကူးခြင်းသည် လူသားများအား သားကောင်သဖွယ် တစ်နေရာမှ တစ်နေရာသို့ ဝယ်ယူခြင်း၊ ရောင်းချခြင်း နှင့် ပို့ဆောင်ခြင်းပင် ဖြစ်သည်။ အချို့သော ခန့်မှန်းချက်များအရ ကမ္ဘာတစ်ဝှမ်းရှိ လူငါးသန်းခန့်သည် လိင်ကျွန်ပြုခြင်း၏သားကောင်များ ဖြစ်ကြ သည်။ အိန္ဒိယ၊ နီပေါနှင့် ဂါနာအပါအဝင် အချို့နိုင်ငံများတွင် ငယ်ရွယ်သော မိန်းကလေးများကို မိသားစုဝင်များ၏ဘာသာရေးအပြစ်ဖြေခြင်းအတွက် လိင်ကျွန်အဖြစ်ပေးဆောင်သည့် ထုံးတမ်းစဉ်လာ (ဘာသာရေးအခြေခံ)ကျွန်ပြုခြင်းရှိသည်။ တစ်ခါတစ်ရံတွင် အတင်းအဓမ္မလက်ထပ်ထိမ်းမြားခြင်းကို လိင်ကျွန်ပြုမှုပုံစံဟုလည်း ယူဆကြသည်။ အမျိုးသမီးများနှင့် ကလေးများအား ၎င်းတို့၏မိသားစုဝင် များကအခြားသူအားပြည့်တန်ဆာအဖြစ်ပေးဆောင်သော အတင်းအကြပ်ခိုင်းစေသည့်လိင်ကျွန်ပြုခြင်း သည် ကမ္ဘာတစ်ဝှမ်းတွင် တိုးပွားလာသော အလေ့အကျင့်တစ်ခုဖြစ်လာသည်။

ကမ္ဘာတစ်ဝှမ်းတွင် ယင်းကဲ့သို့ ဖြစ်ပွားနေသကဲ့သို့ United Arab Emirates (UAE) နိုင်ငံသို့ လူကုန်ကူးခံရသည့် အာဖရိကန် အမျိုးသမီးများသည်လည်း လိင်ကျွန်အဖြစ် ထိန်းသိမ်းခံထားရသော ကြောင့် ၎င်းတို့အပေါ် ခြိမ်းခြောက်မှုများနှင့် အကြမ်းဖက်မှုများစွာ ခံစားနေရသည်။

အမျိုးသမီးများသည် လူကုန်ကူးသူများအား ငွေမပေးနိုင်သည့်အခါ ၎င်းတို့အား အစာငတ်ခံ ထားကာ ရိုက်နှက်ခဲ့ရသည့်အပြင် ငရုတ်သီးပူပူများကို အမျိုးသမီးများ၏ လိင်အင်္ဂါထဲ ကို သိပ်ထည့်ခံ

[1] Michael, Maggie, ICIJ Stories that Rock the World
(available at https://www.icij.org/investigations/trafficking-inc/how-torture-deception-and-inaction-underpin-the-uaes-thriving-sex-trafficking-industry/)

ခဲ့ရကြောင်း၊မျက်လုံးထဲသို့ငရုတ်ကောင်းရည်များပက်ဖျန်းခံရကြောင်း၊အမျိုးသမီးတော်တော်များများ ဒဏ်ရာများရခဲ့ကြသော်လည်း ၎င်းတို့ထိုသို့ပြုလုပ်နေသည်ကိုလူအများ အသိမခံစေချင်သောကြောင့် ဒဏ်ရာရရှိသူများကို ဆေးရုံသို့ မပို့ခဲ့ကြကြောင်းကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအရာရှိသုံးဦးနဲ့ လူကုန်ကူးခံရသူ အမျိုးသမီးငါးဦး၏ ပြောကြားချက်များအရ တွေ့ဆုံမေးမြန်းခန်းများနှင့် တရားရုံး၏ ထုတ်ပြန်ချက်များတွင် အသေးစိတ် ဖော်ပြထားသည်ကို တွေ့ရသည်။

UAE နိုင်ငံသည် နိုင်ငံအတွင်း လည်ပတ်နေသော တရားမဝင်ဂိုဏ်းအဖွဲ့များဖြင့် အာဖရိက အမျိုးသမီးများကို ပြည့်တန်ဆာအဖြစ် အတင်းအကြပ်ခိုင်းစေသည့် လိင်ကုန်ကူးခြင်း အတွက် အဓိက နေရာတစ်ခုဖြစ်လာကြောင်းကို နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးသတင်းထောက်များ နှင့် Reuters တို့က စုံစမ်းထောက်လှမ်းဖော်ထုတ်နိုင်ခဲ့ကြသည်။

လူကုန်ကူးသူများသည် အာဖရိကန်အမျိုးသမီးများအား ၎င်းတို့၏ငွေရေးကြေးရေး အကျိုး အမြတ်ဖြင့် လိင်ကျွန်အဖြစ် ထိန်းသိမ်းထားကြပြီး လိင်နှင့်ပတ်သက်၍ အတင်းအကြပ် ဖိအားပေးခြင်း ဆိုင်ရာ ဝက်ဘ်ဆိုဒ်များကို ဖန်တီးခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ၎င်းတို့သည် ခြိမ်းခြောက်မှုများနှင့် အကြမ်းဖက်မှုများစွာခံရပြီး ဆင်းရဲသောမိသားစုများမှ အမျိုးသမီးများသည် ဒေါ်လာ ၁၀,၀၀၀ မှ ၁၅,၀၀၀ အထိ ကြွေးမြီများကို ပြန်လည်ပေးဆပ်နိုင်ခြင်း မရှိသဖြင့် လူကုန်ကူး သူများ၏ကျော့ကွင်းတွင် သားကောင်အဖြစ် သက်ဆင်းကြရသည်။ ထို့ပြင် အခြားသောကိစ္စများတွင် ၎င်းတို့အား လူကုန်ကူးသူများပြောသည့်အတိုင်း လုပ်ဆောင်ရန်မှတစ်ပါး ရွေးချယ်စရာမရှိဟု ဒုက္ခ ရောက်သူများကို ယုံကြည်စေရန် အာဖရိကရိုးရာဝိညာဉ်ရေးယုံကြည်ချက်များကို အသုံးချ၍ လုပ်ဆောင်ကြပြန်သည်။

မည်သို့ပင်ဆိုစေကာမူ UAE နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာနက ထိုကဲ့သို့ စွပ်စွဲချက်များ၊ မေးခွန်းများသည် အခြေအမြစ်မရှိကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။ UAE နိုင်ငံ၏ ဥပဒေများသည် လိင်ကုန်ကူးမှုဆိုင်ရာပြစ်မှုကျူးလွန်ခြင်းနှင့် ပတ်သက်၍ ကြီးလေးသောဒဏ်ငွေများနှင့် ထောင်ဒဏ် များ ပြဋ္ဌာန်းထားကြောင်း၊ UAE နိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် "လူကုန်ကူးမှု" အမှုပေါင်း ၂၀ ကို နိုင်ငံအသီးသီးရှိတရားရုံးများသို့ လွှဲပြောင်းပေးခဲ့ပြီး အများစုမှာ "လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း"

ဖြစ်သည်ဟု ဝန်ကြီးဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားကြောင်း၊ UAE နိုင်ငံသည် လူကုန်ကူးမှု များကို ဆန့်ကျင်သည့် နိုင်ငံတကာရဲတပ်ဖွဲ့၏စစ်ဆင်ရေးများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြောင်းဖြင့် ဝန်ကြီး ဌာနက ပြောကြားခဲ့သည်။

UAE နိုင်ငံ၏ Christy Gold အမှုနှင့်စပ်လျဉ်း၍ လူကုန်ကူးခံရသူအမျိုးသမီးများအား တွေ့ဆုံ မေးမြန်းရာတွင် အလုပ်အကိုင်အရေးတကြီး လိုအပ်နေသည့် နိုင်ဂျီးရီးယားရှိ အမျိုးသမီးများကို ဒူဘိုင်းရှိ စားသောက်ဆိုင်များ၊ ဆံသဆိုင်များတွင် အလုပ်အကိုင်များပေးမည်ဟူသော ကတိပြုချက် ဖြင့် ပစ်မှတ်ထား စည်းရုံးသိမ်းသွင်းကြသည်။ ၎င်းတို့က ပတ်စပို့၊ ဗီဇာများရရှိရန် ကူညီဆောင်ရွက် ပေးကြပြီး တစ်ချို့လူကုန်ကူးခံရသူများ အဆိုပြုချက်အရ UAE နိုင်ငံသို့လာရန် စရိတ်အား Christy Gold ထံ အကြွေးတင်လျှက်ရှိပြီး ၎င်းအကြွေးအတွက် တစ်ခုတည်းသော နည်းလမ်းမှာ ၎င်းတို့ ခန္ဓာကိုယ်အား ရောင်းရန်ဖြစ်ကြောင်း၊ ၎င်းတို့၏ပတ်စ်ပို့အား Christy Gold က သိမ်းဆည်းထား ကြောင်း၊ Christy Gold သည် အာဏာပိုင်များနှင့် အကျွမ်းတဝင်ရှိကြောင်း၊ လူကုန်ကူးမှုဖြင့် ၎င်းအား ဖမ်းဆီးနိုင်ခဲ့သော်လည်း တရားရုံးကအာမခံပေးပြီးနောက် ရုံးသို့ လာရောက်ရန် ပျက်ကွက်ခဲ့ကြောင်း ဖြင့် ဖြေကြားခဲ့ကြပါသည်။

ယင်းသို့ဖြင့် အမျိုးသမီးများသည် ၎င်းတို့၏ လူကုန်ကူးခံရမှုများမှ လွတ်မြောက်ရန် ကြိုးစား ကြချိန်တွင် အကြမ်းဖက်မှုများနှင့် ခြိမ်းခြောက်မှုများအား ရင်ဆိုင်ရသည့်အခါ UAE အာဏာပိုင် များထံမှ အကူအညီအနည်းငယ်သာ ရရှိသည်ဟု ဆိုသည်။ အသက်၂၅နှစ်အရွယ်ရှိ ယူဂန်ဒါနိုင်ငံသူ တစ်ဦး ဖြစ်သူသည် အလုပ်ခိုင်းစေခံရသည့် ဒူဘိုင်းမြို့ Deira ခရိုင်နယ်မြေရှိ ပြည့်တန်ဆာအခန်းမှ ထွက်ပြေး ပြီးနောက် အနီးဆုံးရဲစခန်းသို့ သွားရောက်ခဲ့ရာ ရဲအရာရှိမှ သူမအား ပြည့်တန်ဆာအိမ်ဆီ ပြန်လည် ခေါ်သွားကာ သူမ၏ နိုင်ငံကူးလက်မှတ်ပြန်ပေးရန် လူကုန်ကူးသူနှင့် ညှိနှိုင်းခဲ့ပြီး ရဲအရာရှိ အနေဖြင့် အခြားမည်သည့်အရာမျှ လုပ်ဆောင်ပေးခြင်း မရှိသဖြင့် လူကုန်ကူးသူမှ နိုင်ငံကူး လက်မှတ်ကို ပြန်လည်ယူဆောင်သွားကြောင်း ပြောကြားခဲ့သည်။

အစိုးရရှေ့နေ Oburoh က ဥရောပတွင် လူကုန်ကူးမှုများဖြစ်ပွားသည့်အခါ အေဂျင်စီမှ လူကုန်ကူးသူများကို ဖမ်းဆီး၍ တရားစွဲရန် ကူညီပေးသည့် သတင်းအချက်အလက်နှင့် ပူးပေါင်း

ဆောင်ရွက်ရေးများကို အစိုးရမှ ထောက်ပံ့ပေးသည် ဟုဆိုသည်။ သို့သော်လည်း UAE တွင် ဖြစ်ပွားသည့်အခါ တရားဝင်ပူးပေါင်းဆောင်ရွက်မှုမရှိပေဟု နိုင်ဂျီးယား လူကုန်ကူးမှုတိုက်ဖျက်ရေး စုံစမ်းစစ်ဆေးရေးမှူးများမှ ပြောကြားခဲ့ပြီးနောက် အစိုးရအရာရှိအချို့သည် လူကုန်ကူးမှုတွင် ပါဝင်ပတ်သက်နေသည်ဟု စွပ်စွဲခံထားရပြီး ပြစ်ဒဏ်ချမှတ်ခံရသော လူကုန်ကူးသူများသည် ထောင်ဒဏ်ကို နည်းလမ်းအမျိုးမျိုးဖြင့် မကြာခဏ ရှောင်ရှားနိုင်ခဲ့ကြကြောင်း ပြောကြားခဲ့သည်။

Christy Gold က UAE နိုင်ငံမှ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး ၂၀၂၂ ခုနှစ်၊ မေလတွင် နိုင်ဂျီးရီးယားနိုင်ငံတရားရုံးက Christy Gold အား လူကုန်ကူးသူဖြင့် တရားစွဲဆိုနိုင်ခဲ့ပါသည်။ ထို့နောက် ၎င်းအား ထောင်ဒဏ် ၅ နှစ် ချမှတ်ခဲ့ပြီး တရားရုံးက ထောင်ဒဏ်အစား ဒေါ်လာ ၅၀၀၀ ခန့် ဒဏ်ငွေသာ ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့သည်။ အဆိုပါငွေများကို သူမ၏အမှုတွင် လူကုန်ကူးခံရသည့် နစ်နာသူများအား နစ်နာကြေးအဖြစ် ခွဲဝေပေးခဲ့ဟု သတင်းများတွင် ဖော်ပြကြပါသည်။ သို့ဖြစ်၍ UAE နိုင်ငံ၏ လိင်ကျွန်ပြုခြင်း၊ လိင်ကုန်ကူးခြင်း၊ လိမ်လည်ခြင်းနှင့် ညှဉ်းပန်း နှိပ်စက်ခြင်း၊ အရေးယူရန် ပျက်ကွက်ခြင်းများသည်လည်း ယနေ့တိုင်ဆက်လက်ရှိနေပြီး ဖြေရှင်းရန် ခက်ခဲသော ပြဿနာရပ် တစ်ခုအဖြစ် ရှိနေသေးကြောင်း တင်ပြလိုက်ရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံရေးရာဌာနခွဲ
ဥပဒေရေးရာဝန်ကြီးဌာန

## တိုင်တန်ရေငုပ်သင်္ဘောခရီးသည်များ လက်မှတ်ရေးထိုးခဲ့သည့် သေဆုံးခြင်းဖြစ်ပေါ်နိုင်မှုအပေါ် စွန့်လွှတ်ခြင်းဆိုင်ရာအပိုဒ်သည် သက်ရောက်မှုရှိ မရှိ နှင့် ၎င်းတို့၏မိသားစုများသည် OceanGate ကို တရားစွဲနိုင်ပါသလား

ပင်လယ်မျက်နှာပြင်အောက် မီတာ ၄,၀၀၀ အကွာတွင် ငုပ်လျှိုးရန် ဒီဇိုင်းထုတ်ထားသည့် ခရီးသွားရေငုပ်သင်္ဘော၏ အော်ပရေတာအနေဖြင့် OceanGate သည် ၎င်း၏ဖောက်သည်များအား ၂၁ ပေ ရှည်သည့်သင်္ဘောအတွင်းသို့ မဝင်ရောက်မီတွင် စွန့်လွှတ်ခြင်းဆိုင်ရာအပိုဒ် လက်မှတ်ရေးထိုးရန် တောင်းဆိုခဲ့သည့်အထဲတွင် သေဆုံးနိုင်ခြေ၊ စိတ်ခံစားမှုများအပါအဝင် ၎င်းတို့၏အန္တရာယ်များကို ပြတ်ပြတ်သားသားဖော်ပြထားပြီး ဒဏ်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု စသည့်အချက်များကို စွန့်လွှတ်ကြောင်း စာပိုဒ်တို့ ပါရှိပါသည်။ တိုင်တန်းနစ်၏ အပျက်အစီးများကို စူးစမ်း လေ့လာရန် သွားရောက်စဉ် သေဆုံးသွားခဲ့သော ခရီးသည်များ၏ မိသားစုများသည် OceanGate အား တရားစွဲရန် တရားဥပဒေဆိုင်ရာ အကြောင်းပြချက်များ ရှိ၊ မရှိ နှင့်စပ်လျဉ်း၍ စာချုပ်တွင် လက်မှတ်ရေးထိုးထားသည့် စွန့်လွှတ်ကြောင်း စာပိုဒ်သည် အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိနေပါသည်။

OceanGate ၏ "ဥပဒေရွေးချယ်မှု" ပြဋ္ဌာန်းချက်ဖြစ်သော စွန့်လွှတ်မှုအပိုင်းသည်အထူးအရေးကြီးကြောင်း ပင်လယ်ရေကြောင်းဆိုင်ရာ နှင့် အုပ်ချုပ်မှုဆိုင်ရာဥပဒေများကို ကျင့်သုံးသည့်ရှေ့နေ Craig Goldenfarb က မှတ်ချက်ပြုခဲ့ပြီး စာချုပ်အရ တရားစွဲဆိုမှု တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ဥပဒေပြဋ္ဌာန်းချက်ရွေးချယ်မှုသည် နိုင်ငံတစ်နိုင်ငံအားတရားစီရင်ပိုင်ခွင့်ပေးထားသည်"ဟု ပြောကြားခဲ့သည်။

OceanGate မှတ်ပုံတင်ထားသော နိုင်ငံဖြစ်သည့် Bahamas ၏ ဥပဒေဖြင့် အငြင်းပွားမှုများကိုဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖော်ပြထားသည်ကိုတွေ့ရပါသည်။ အင်္ဂလိပ် Common Law ကိုအခြေခံထားသော Bahamas တရားစီရင်ရေးစနစ်သည် စီးပွားရေးဆိုင်ရာများနှင့် လိုက်လျောညီထွေမှုရှိသော တရားစီရင်ပိုင်ခွင့်ဖြစ်သည်ဟု ယူဆနိုင်သော်လည်း မိသားစုများတွင် တရားစွဲရန်

အကြောင်းပြချက် ရှိ၊ မရှိသည် တာဝန်ခံမှု စွန့်လွှတ်ခြင်းဆိုင်ရာ ဥပဒေများအပေါ်တွင် မူတည်နေပါသည်။

ယေဘုယျအားဖြင့် စွန့်လွှတ်မှုသည်တသမတ်တည်းခိုင်မာသည်ဟု မဆိုနိုင်ကြောင်း Goldenfarb က မှတ်ချက်ပြုခဲ့သည်။ ဥပမာအားဖြင့် ဘာသာစကားကွာဟမှုကဲ့သို့သော အခြားပြဿနာတစ်ခုကြောင့်စွန့်လွှတ်မှုကို နားမလည်သူတစ်ဦးက လက်မှတ်ရေးထိုးခဲ့ရပြီး ဒဏ်ရာရရှိသူသည် နစ်နာသူမဟုတ်သောကြောင့် နစ်နာသူများသည် ၎င်းတို့၏ အန္တရာယ်ကို ကောင်းစွာ မသိရှိရသောကြောင့် ၎င်းတို့၏မိသားစုများက တရားစွဲနိုင်ကြောင်းဖော်ပြထားသည်။ ပေါ့ဆမှုအထောက်အထားများရှိပါက တရားသူကြီးများသည် စွန့်လွှတ်ခြင်းစာပိုဒ်အကြောင်းအရာများကို ပယ်ချနိုင်ကြောင်း ရှေ့နေများက မှတ်ချက်ပြုခဲ့ကြသည်။ "ပေါ့ဆမှုအတွက်တာဝန်ယူမှုစံနှုန်းကို စွန့်လွှတ်နိုင်ပေမယ့် ပြင်းပြင်းထန်ထန် ပေါ့ဆလို့မရပါဘူး" ဟု Luff Law Firm ၏ တည်ထောင်သူ မိတ်ဖက်နှင့် ဥပဒေကျောင်း ပါမောက္ခဟောင်း Patrick Luff က ပြောကြားခဲ့သည်။

ရေငုပ်ခြင်း၏အန္တရာယ်များကို ဖော်ပြထားသည့် OceanGate ၏ စည်းကမ်းချက်များသည် ခရီးသည်များအား အကြောင်းကြားထားပြီးဖြစ်၍ သင်္ဘောသည် "စမ်းသပ် ရေငုပ်သင်္ဘော" သို့မဟုတ် အသိအမှတ်ပြုမှုမခံရသေးကြောင့်အကြောင်းကြားထားမှုရှိပါက ၎င်းတို့၏ မိသားစုများသည် တရားစွဲနိုင်မည်မဟုတ်ကြောင်း လုပ်ငန်းအဖွဲ့မှ ဥပဒေပညာရှင်အချို့က ပြောဆို ထားသည်။ Kelley ၏ တည်ထောင်သူ ပါတနာဖြစ်သော John Uustal က "ဒီအချက်အလက်တွေကို ဖုံးကွယ်ထားမယ်ဆိုရင် အဲဒါက အရေးယူလို့ရမှာ သေချာပါတယ်ဟု ပြောဆိုထားသည်။ မည်သို့ပင် ဆိုစေကာမူ Uustal ကသူသည် ခရီးသည်များ၏ မိသားစုများကို ဖုံးကွယ်ထားခြင်း သို့မဟုတ် ထုတ်ဖော်ပြောဆိုခြင်းမပြုသည့် ကိစ္စများအတွက် စွန့်လွှတ်မှုအား အနီးကပ်ပြန်လည်သုံးသပ်ရန် အကြံပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထုတ်ပြန်လိုက်တဲ့စည်းကမ်းချက်တွေရဲ့ ဘာသာစကား အတိအကျကို အနီးကပ်ကြည့်ရှုပြီး အကျုံးမဝင်တဲ့ အကျင့်ပျက်ခြစားမှု ရှိ မရှိ ကြည့်ဖို့ အကြံပြုချင် ပါတယ်" ဟု ၎င်းက

ဆိုသည်။ "ဒီလို အကျင့်ပျက်ခြစားမှုတွေ တကယ်ရှိခဲ့တယ်ဆိုရင် တရားစွဲဖို့ အကြောင်းပြချက် ပေးနိုင်ပါတယ်" ဟုဖော်ပြထားပါသည်။

Titan ရဲ့ ပျက်ကွက်မှုကို စုံစမ်းစစ်ဆေးမှု ထွက်ပေါ်လာချိန်မှာ ရေငုပ်သင်္ဘော အတွင်းထဲကို ချိုင့်ဝင်ပေါက်ကွဲသွားသည့်အကြောင်းကို သိရှိနိုင်သောကြောင့် နောက်ထပ် ဥပဒေဆိုင်ရာ ပြဿနာများ ပေါ်ပေါက်လာနိုင်သည်ဟု Goldenfarb က ဆိုပါသည်။ အစိတ်အပိုင်း တစ်ခုပျက်ကွက်ပါက OceanGate ကို တရားစွဲမည့်အစား အစိတ်အပိုင်းတစ်ခု၏ ထုတ်လုပ်သူကို တရားစွဲရလိမ့်မည်" ဟု Goldenfarb မှပြောကြားခဲ့ကြောင်းသိရသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံရေးရာဌာနခွဲ
ဥပဒေရေးရာဝန်ကြီးဌာန

Source:

- Titan sub passengers signed waivers covering death. Could their families still sue OceanGate? - CBS News. (2023, June 27). Www.cbsnews.com. https://www.cbsnews.com/news/titan-sub-oceangate-famlies-lawsuit-waivers/

## အပြည်ပြည်ဆိုင်ရာ ရာဇဝတ် တရားစီရင်ရေးနေ့ အကြောင်း သိကောင်းစရာ

ဇူလိုင်လ ၁၇ ရက်နေ့သည်အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားစီရင်ရေးနေ့ဖြစ်ပါသည်။ ၁၉၉၈ ခုနှစ်တွင် အီတလီနိုင်ငံ၊ ရောမမြို့၌ ကုလသမဂ္ဂကဦးဆောင်၍ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (International Criminal Court – ICC) ကို ဖွဲ့စည်းတည်ထောင်ရန်အတွက် သဘောတူစာချုပ်ကို နိုင်ငံပေါင်း ၁၆၀ နိုင်ငံမှ ကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ၁၉၉၈ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင်အတည်ပြုခဲ့ကြပါသည်။ အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားရုံး(International Criminal Court – ICC) ကို ဖွဲ့စည်းတည်ထောင်ရန်အတွက် လက်မှတ်ရေးထိုးခဲ့သည့်နေရာ ဖြစ်သော ရောမမြို့ ကို အစွဲပြု၍ ရောမစာချုပ်(Rome Statute)ဟု လည်း ခေါ်ဆိုကြပါသည်။

၂၀၀၂ ခုနှစ် ဇူလိုင်လ (၁)ရက်နေ့တွင် နယ်သာလန်နိုင်ငံ၊ ဟိတ်မြို့တွင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး(International Criminal Court – ICC)ကို စတင် ဖွင့်လှစ်ခဲ့ပါသည်။ အပြည်ပြည် ဆိုင်ရာရာဇဝတ်တရားရုံး (International Criminal Court –ICC)က စစ်ဆေးနိုင်သော ရာဇဝတ်ပြစ်မှု များမှာလူမျိုးသုဉ်းသတ်ဖြတ်မှုများ(Genocide)၊လူသားမျိုးနွယ်တစ်ခုလုံးကိုထိခိုက်စေသည့်ရာဇဝတ် မှုများ(Crimes against Humanity)၊ စစ်ပွဲဆိုင်ရာရာဇဝတ်မှုများ(War Crimes) တို့ကို ကျူးလွန်သည် ဟု စွပ်စွဲခံရသည့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် (သို့) အဖွဲ့အစည်းတစ်ရပ်ကို ခုံရုံးတင်အရေးယူနိုင်ပါ သည်။

၂၀၁၀ ခုနှစ်က ယူဂန္ဓာနိုင်ငံတွင် ကျင်းပခဲ့သော Rome Statute အား ပြန်လည်သုံးသပ်သည့် ညီလာခံတွင် အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားစီရင်ရေးကို တိုးတက်စေရန်နှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး၏ လုပ်ငန်းများကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ အဖွဲ့ဝင်နိုင်ငံများက

ဇူလိုင်လ ၁၇ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားစီရင်ရေးနေ့အဖြစ်သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကား:

- https://www.awarenessdays.com/awareness-days-calendar/world- day-for-international-justice-2023/
- https://nationaldaycalendar.com/july-international-days/

## နိုင်ငံပေါင်းစုံစီးပွားရေး လုပ်ငန်းများအတွက် တာဝန်ယူမှုရှိသော စီးပွားရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်း(OECD )၏ လမ်းညွှန်ချက်

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအဖွဲ့အစည်း (OECD) သည် ဖွံ့ဖြိုးပြီးနိုင်ငံများအကြားတွင် မူဝါဒညှိနှိုင်းရေးနှင့် စီးပွားရေးလွတ်လပ်ခွင့်ကို မြှင့်တင်ပေးသည့် နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည်။ OECD ၏အဓိကရည်ရွယ်ချက်မှာ ကမ္ဘာ့စီးပွားရေး နှင့် ကုန်သွယ်မှုကို မြှင့်တင်ရန်ဖြစ်ပါသည်။

OECD အဖွဲ့က ထုတ်ပြန်ထားသော နိုင်ငံပေါင်းစုံစီးပွားရေး လုပ်ငန်းများအတွက် တာဝန်ယူမှုရှိသော စီးပွားရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း၏လမ်းညွှန်ချက်(OECD Guidelines)တွင် နိုင်ငံအသီးသီးရှိ လူမှုအဖွဲ့အစည်းများအားလုံးအပေါ် စီးပွားရေးရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆိုးရွားသော သက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးတို့အတွက် စီးပွားရေးဆိုင်ရာ ပံ့ပိုးကူညီမှုများကို မြှင့်တင်ရန် နိုင်ငံပေါင်းစုံစီးပွားရေးလုပ်ငန်းများအား အစိုးရများက ပူးတွဲဖြေရှင်းသည့် အကြံပြုချက်များနှင့် လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေးနှင့် ပတ်ဝန်းကျင်စသည့်ကိစ္စရပ်များတွင် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ဆောင်မှုများအတွက် စံနှုန်းများကို ထည့်သွင်းဖော်ပြထားပါသည်။

OECD Guidelines ကို ၁၉၇၆ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့ပြီး ၂၀၁၁ ခုနှစ် နှင့် ၂၀၂၃ ခုနှစ်တို့တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပါသည်။ ၈-၆-၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် လမ်းညွှန်ချက်၌ အောက်ပါအချက်များကို အဓိကထား၍ ပြင်ဆင်ထားကြောင်း တွေ့ရှိရပါသည်-

(က) ရာသီဥတုပြောင်းလဲမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ နိုင်ငံတကာသဘောတူထားသည့် ပန်းတိုင်များနှင့် လိုက်လျောညီထွေရှိစေရန် လုပ်ငန်းများအတွက် အကြံပြုချက်များ၊

(ခ) ဒေတာစုဆောင်းအသုံးပြုမှုတို့အပါအဝင် ဖွံ့ဖြိုးတိုးတက်မှု၊ ငွေကြေးထောက်ပံ့မှု၊ ရောင်းချမှု၊ လိုင်စင်ထုတ်ပေးမှု၊ ကုန်သွယ်မှု နှင့် နည်းပညာအသုံးပြုမှုအပေါ် လုံ့လစိုက်ထုတ်မှုဆိုင်ရာ မျှော်မှန်းချက်များ ၊

(ဂ) လုပ်ငန်းများ၏ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို အသုံးပြုခြင်း နှင့် ဆက်စပ်သော သက်ရောက်မှုများ၊ စီးပွားရေးဆိုင်ရာဆက်ဆံရေးများနှင့်စပ်လျဉ်းသည့် မျှော်မှန်းချက်များအပေါ် အကြံပြုချက်များ၊

(ဃ) လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများ၊ မြင့်တင်သူများ အပါအဝင် အန္တရာယ်ရှိသူများနှင့် အဖွဲ့များအတွက် ပိုမိုကောင်းမွန်သော အကာအကွယ်များ၊

(င) တာဝန်ယူမှုရှိသော စီးပွားရေးဆိုင်ရာလုပ်ဆောင်မှုနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို ထုတ်ဖော်ပြောကြားခြင်းနှင့်စပ်လျဉ်းသည့် အကြံပြုချက်များ၊

(စ) ပုံစံမျိုးစုံဖြင့် အဂတိလိုက်စားမှုအားလုံးအတွက် အကြံပြုချက်များ၊

(ဆ) အများသိရှိစေရန်ဆောင်ရွက်သည့် ဆောင်ရွက်ချက်များသည် လမ်းညွှန်ချက်များနှင့် အညီဖြစ်ကြောင်း သေချာစေရေးအတွက် အကြံပြုချက်များ၊

(ဇ) တာဝန်ယူမှုရှိသောစီးပွားရေးဆိုင်ရာလုပ်ဆောင်မှုအတွက် National Contact Points ၏အမြင်၊ ထိရောက်မှု၊ လုပ်ငန်းများနှင့်ကိုက်ညီမှုရှိသည့် တိကျခိုင်မာသော လုပ်ထုံးလုပ်နည်းများ။

OECD အဖွဲ့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လုပ်ဆောင်ရန်၊ ပညာရေးကို မြင့်တင်၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရန်နှင့် နိုင်ငံတကာအခွန်ရှောင်ခြင်းကို တိုက်ဖျက်ရန် နိုင်ငံတကာစံနှုန်းများချမှတ်ခြင်း၊ မူဝါဒများအပေါ် အကြံဉာဏ်ပေးခြင်း၊ အကောင်းဆုံး အလေ့အကျင့်များ မျှဝေခြင်း၊ အတွေ့အကြုံများ ဖလှယ်ခြင်းများအတွက် အသိပညာပေးခြင်းလုပ်ငန်းများကို ပူးပေါင်း

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၁) အမှတ် (၉) ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်

ဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ဗဟိုချက်ဖြစ်ပါသည်။ OECD အဖွဲ့ဝင်နိုင်ငံများသည် မူဝါဒဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းရန် ကမ္ဘာတစ်ဝန်းရှိအစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊လူမှုအဖွဲ့အစည်းများနှင့်အတူပူးပေါင်းဆောင်ရွက်လျက်ရှိပြီးမြန်မာနိုင်ငံ အပါအဝင် အာဆီယံနိုင်ငံများသည် OECD Southeast Asia Regional Programme တွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: http://mneguidelines.oecd.org/targeted-update-of-the-oecd-guidelines-for-multinational-enterprises.htm

---

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

